# ဖုန်းမော်ဥဒါန်း

ကိုဖုန်းမော်
စွယ်တော်ပန်းပွင့်
မရင့်မှည့်မှီ
လွင့်ကြွေမြေခ
နွေဦးကိုနိုးထစေခဲ့ ။

ဖုန်းမော်မသေ
ဤမြေအနှံ့
လွင့်ပျံ့စီးဆင်း
ရဲရင့်ခြင်းနွေဦး
ဖူးပွင့်ထောင်းသောင်း
လှည်းနေမြေအောင်း
မြင်းဇောင်းမကျန်
တော်လှန်ဖူးသစ် ရှစ်လေးလုံး ။

စစ်ဖိနပ်အောက်
မလွတ်မြောက်သေး
နွေဦးတေးကို
သွေးနဲ့ပေးဆပ်
မြင့်မြတ်ခြင်းတွေ
တို့မြေဆီမှ
တွေ့နေရပေါ့
ချွန်မြဒေါင်းတွေ
လာခြေတော့မည်
ပြည်သူ့တပ်ဦး
ဖူးပွင့်နီမြန်း
ဖုန်းမော်ဥဒါန်းတွင်မဆုံး ။

(နှစ်ဆယ့်သုံးနှစ်မြောက် ကိုဖုန်းမော်ကျဆုံးခြင်း နှစ်ပတ်လည်နေ့သို့
ဦးညွှတ်ခြင်း)

နီလွင်သွေး(ဒဿနိက)
၅ ၊ ဖေဖော်ဝါရီ ၊ ၂၀၁၁
စနေနေ့ ။